ရခိုင်အမျိုးသမီးများအစည်းအရုံး
Rakhaing Women Union (H.Q)
2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net

Ref :                                                                 Date : ..............................

# ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU)တည်ထောင်သည့် (၁၀) နှစ်ပြည့်နေ့ အထိမ်းအမှတ်ထုတ်ပြန်ချက်

ယနေ့ ရခိုင်သက္ကရာဇ် ၁၃၇၀ –ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂)ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၈ –ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်နေ့သည် ရခိုင်အမျိုးသမီးများအစည်းအရုံး(RWU)ကို တည်ထောင်သည့် (၁၀)နှစ် တင်းတင်းပြည့်သောနေ့ဖြစ်ပါသည်။ ရခိုင်အမျိုးသမီးများအစည်းအရုံးသည် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် ယခုလက်ရှိ ဉက္ကဋ္ဌ ဆရာမစောမြရာဇာလင်း၏ ဦးဆောင်ဖွဲ့စည်းမှုဖြင့် ပေါ်ပေါက်လာခဲ့သည်။ ရခိုင်အမျိုးသမီးအစည်းအရုံး၏ ဗဟိုဌာနကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင်အခြေစိုက်ပြီး ဘင်္ဂလားဒေ့ရှ်–အိန္ဒိယ–မြန်မာ(တြိဂံနယ်စပ်ဒေသ)၊ ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ် (ဖလောင်းချိပ်ဒေသ)၊ ဂျပန်၊ အမေရိက၊ ထိုင်းနိုင်ငံ–မဲဆောက်မြို့၊ ပြည်တွင်း(လျှို့ဝှက်)ဒေသများတွင် ဌာနခွဲများကို ထားရှိပြီး အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ဆက်သွယ်ရေးတာဝန်ခံထားရှိကာ စဉ်ဆက်မပြတ်လုပ်ဆောင်လျှက်ရှိနေသည်။

ရခိုင်အမျိုးသမီးများအစည်းအရုံးသည် ကျားမတန်းတူရေး၊ ဆုံးဖြတ်ချက်ချသည့်အဆင့်တိုင်းတွင် အမျိုးသမီးများပါဝင်လာနိုင်ရေး၊ ရခိုင်ပြည်နှင့် ရခိုင်လူမျိုးလွတ်မြောက်ရေး၊ မြန်မာ့ဒီမိုကရေစီရေးတို့အတွက် ဦးတည်ကြိုးပမ်းလုပ်ဆောင်နေသောအဖွဲ့ဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ ယခုအချိန်ထိ (၁၀)နှစ်တာ လှုပ်ရှားမှုတလျှောက်တွင် အခက်အခဲများရှိခဲ့သော်လည်း ထိုအခက်အခဲများကြားထဲမှပင် အဖွဲ့၏ဦးတည်ချက်အတိုင်း မမိုတ်မသုဉ် ရုန်းကန်ကြိုးစားလုပ်ဆောင်လာခဲ့ပေသည်။

ထိုသို့ကြိုးစားလာခဲ့ရာ၌ အမျိုးသားလွတ်မြောက်ရေး၊ မြန်မာ့ဒီမိုကရေစီရေးတို့အတွက် ကြိုးပမ်းလုပ်ဆောင်ယင်း တဖက်တွင် ဒုက္ခသည် အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များအား အဝတ်အထည်၊ စားနပ်ရိက္ခာ၊ ကျန်းမာရေးစသည်တို့အတွက် ကူညီစောင့်ရှောက်ရေးလုပ်ငန်း၊ ကလေးသူငယ်များအတွက် ပညာသင်ထောက်ပံ့ရေးလုပ်ငန်း၊ ပြည်တွင်းပြည်ပစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်း၊ အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးလုပ်ငန်း၊ သဘာဝအရင်းအမြစ်ထိန်းသိမ်းကာကွယ်ရေးလှုံ့ဆော်မှု၊ ရခိုင်ပြည်တွင်း လူ့အခွင့်အရေးချိုးဖေါက်မှုစုံကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ ပြည်သူများသိအောင် စဉ်ဆက်မပြတ် ထုတ်ဖေါ်ပြောဆိုခြင်းစသည့် လုပ်ဆောင်ချက်များကိုလည်း စွမ်းအားသရွေ့ နည်းမျိုးစုံဖြင့် လုပ်ဆောင်လျှက်ရှိနေသည်။

မိမိတို့အဖွဲ့သည် ထိုကဲ့သို့ အစွမ်းကုန်ကြိုးစားလုပ်ဆောင်လာခဲ့သော်လည်း မိမိတို့ အမျိုးသားနိုင်ငံရေးနယ်ပယ်အတွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုနယ်ပယ်အတွင်းတွင်ဖြစ်စေ မျှော်မှန်းသလောက် ခရီးမရောက်သေးကြောင်း ဖွင့်ဟပြောကြားလိုပေသည်။ အမျိုးသားနိုင်ငံရေးနယ်ပယ်အတွင်း၌ဆိုလျှင် အမျိုးသားများစွာတို့သည် အမျိုးသမီးများ နိုင်ငံရေးအရ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်စေရေးကို လက်ခံရန် အလွန်ပင်ဆိုင်းတွန့်နေသေးသည်ဟု မိမိတို့သုံးသပ်ပါသည်။

ယနေ့ခေတ်သည် အပြောင်းအလဲများစွာကို ကြိုးစားဖန်တီးနေကြသောခေတ်ဖြစ်ရာ ရှေးရိုးစွဲအယူအဆရှိသော အမျိုးသားများအနေနှင့် ခေတ်နှင့်လျှော်ညီသော ပြုပြင်ပြောင်းလဲတွေးခေါ်လုပ်ဆောင်မှုများကို လုပ်ဆောင်သင့်နေပြီဖြစ်ကြောင်း ရခိုင်အမျိုးသမီးများအစည်းအရုံး (၁၀)နှစ်ပြည့်အခါသမယတွင် တိုက်တွန်းပြောဆိုလိုက်ပေသည်။

ထို့အပြင် မိမိတို့အဖွဲ့သည် ဦးတည်ချက်ကို ထိရောက်စွာအကောင်အထည်ဖေါ်သွားနိုင်ရေးတို့အတွက် အောက်ပါအချက်များကို အစွမ်းကုန် လုပ်ဆောင်သွားမည်ဖြစ်သည်။

၁။ နိုင်ငံရေးနယ်ပယ်နှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများပိုမိုပါဝင်ခွင့်ရလာရေးအတွက် ဆက်လက်ကြိုးစားသွားရန်၊

၂။ ၁၀–နှစ်တာကာလကို ဖြတ်သန်းလှုပ်ရှားလာပြီးဖြစ်သော်လည်း နိုင်ငံရေးနယ်ပယ်၌ လျစ်လျူရှုခံရမှုနှင့် ထိုက်တန်သော အသိအမှတ်မပြုမှုတို့ ပပျောက်ရေးအတွက် ကြိုးစားသွားရန်၊

၃။ ရခိုင်ပြည်နှင့် အမျိုးသားလွတ်မြောက်ရေး၊ မြန်မာ့ဒီမိုကရေစီရေးတို့အတွက် အရှိန်တိုးမြှင့်လုပ်ဆောင်ရန်၊

၄။ RWU သည် ရခိုင်ပြည်အမျိုးသမီးထုတရပ်လုံးကို ကိုယ်စားပြုသော အဖွဲ့ဖြစ်ရေးအတွက် ဆက်လက်ကြိုးစားသွားရန်တို့ဖြစ်သည်။

**ဤထုတ်ပြန်ချက်နှင့်အတူ နအဖစစ်အစိုးရအား အောက်ပါတောင်းဆိုချက်များကို တောင်းဆိုလိုက်သည်။**

၁။ မကြာသေးမီက နှစ်ရှည်ထောင်ဒါဏ်တိုးမြှင့်အပြစ်ပေးခံရသော နိုင်ငံရေးအကျဉ်းသားများအား ချက်ချင်းလွှတ်ပေးရန်။

၂။ ရခိုင်ပြည်တွင်း နည်းမျိုးစုံသော လူ့အခွင့်အရေးချိုးဖေါက်မှုများကို ရပ်တန့်ပေးရန်။

၃။ မြန်မာနိုင်ငံတွင် မှန်ကန်သော တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်လာစေရေးကို အကောင်အထည်ဖေါ်ပေးရန်။

ဆက်သွယ်ရန် – Phone: +880-1732 795 025, +880-2-901 34 35

ဗဟိုကော်မီတီ
ရခိုင်အမျိုးသမီးများအစည်းအရုံး
ရခိုင်ပြည်။

ရခိုင်သက္ကရာဇ် – ၁၃၇၀ –ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂)ရက်
ခရစ်သက္ကရာဇ် –၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်